

# ချစ်သူများရဲ့ ရေဆန်



အဖိအနှိပ်ခံ အလွှာများစွာအတွက်
ဘဝတခုလုံး ရင်းနှီးပေးဆပ်
ရသမျှနဲ့ ရောင့်ရဲကျေနပ်
ရဲရင့်စွာ သမာသမတ်နဲ့ ရန်ငါစည်းပြတ်သူ၊

ရသင့်တဲ့ လွတ်မြောက်ရေးအတွက်
လောကဓံများ ခါးစည်းကျားကန်
ရိုးသားစွာ မာန်ဗီဇနဲ့တွင်ကျန်
လက်နက်မချ အလံမလဲ အာခံတော်လှန်၊

ယုံကြည်ချက်တူ အဓ္ဓိမခရီးဖော်တွေအတွက်
ရင်ရင်းဖွင့် ကျောထမ်းခင်းပေးဆက်
တွဲလက်များ ခိုင်မြဲဖို့ နွေးထွေးစွာပွေ့ဖက်
ဂုဏ်သိက္ခာ ရှင်းသန့်ပြည့်ဝ ထက်မြက်သူ၊

စံထား တမ်းတရသူ … အဲ့ဒီသူ
ရုတ်တရက် ဖျက်စီးခံ ကြွေလွင့်
ဇာတ်လမ်းမပြီးဆုံးခင် ခွဲရပေမဲ့
ရာဇဝင်မှာ ထင်ကျန်စံရစ်
အမျိုးသား အာဇာနည်အစစ်
ချစ်သူများရဲ့ ရေဆန်ဖြစ်တယ်၊
ချစ်သူများရဲ့ ရေဆန်ဖြစ်တယ်၊
ချစ်သူများရဲ့ ရေဆန်ဖြစ်တယ်။ ။

ဒေါ်င်းနီ
ဖေဖော်ဝါရီ ၁၄/၂၀၀၈

(မမျှော်လင့်ပဲ ကျဆုံးသွားသော တိုင်းပြည်နှင့် လူမျိုးအတွက် အစားထိုး မရနိုင်သည့် တော်လှန်ရေး ရဲဘော်ကြီး ဖဒို မန်းရှာလာဖန်း (ခ) စာရေးဆရာ ရေဆန်အား အဝေးမှ အလေးပြုလိုက်ပါသည်။)